# အမေဇုန်ထုတ် e-ကော်ပီစာအုပ်များ စျေးသက်သာစွာဖြင့် ဝယ်ယူနိုင်ရန် အမေဇုန်စီစဉ်

သတင်းရင်းမြစ် > အောင်မင်း ဘာသာပြန်သည်
ကြာသပတေးနေ့၊ စက်တင်ဘာလ ၀၅ ရက် ၂၀၁၃ ခုနှစ် ၁၃ နာရီ ၁၈ မိနစ်

---

ဈေးချထားသည့်စာအုပ် e-ကော်ပီများကို အမေဇုန်ဝက်ဘ်ဆိုဒ်မှတစ်ဆင့် ဝယ်ယူနိုင်သည့်အစီအစဉ်သစ်အား စတင်တော့မည်ဖြစ်ကြောင်း ပြီးခဲ့သောအင်္ဂါနေ့တွင် အမေဇုန်က ကြေညာလိုက်သည်။

"Called Kindle Matchbook" ဟု ခေါ်သည့် ယင်းအစီအစဉ်သစ်တွင် e-book ဝယ်ယူသူများအနေဖြင့် ၎င်းတို့ဖတ်လိုသည့် စာအုပ်များကို ကန်ဒေါ်လာ ၂ ဒသမ ၉၉၊ ၁ ဒသမ ၉၉၊ ၀ ဒသမ ၉၉ သို့မဟုတ် အလကားရရှိနိုင်မည်ဖြစ်သည်။

ထုတ်ဝေသူများအနေဖြင့်လည်း အမေဇုန်၏ ယခုအစီအစဉ်တွင် ပါဝင်ရောင်းချနိုင်မည်ဟု သိရသည်။□Match Book အစီအစဉ်မှာ သမ္မတကလင်တန်လက်ထက်တွင် CompuServe အကောင့်မှတစ်ဆင့် စာအုပ်များ ဝယ်ယူဖတ်ရှုနိုင်သည့်အစီအစဉ်မျိုးဖြစ်ပြီး "Kindle Match Book က ၁၈ နှစ်လောက်အကြာမှာ အလားတူ အစီအစဉ်မျိုးကို ဈေးနှုန်းသက်သက်သာသာဖြင့်ဖတ်နိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါပြီ " ဟု Kindle ၏ ဒုတိယဥက္ကဋ္ဌ□Russ Grandinetti က ၎င်း၏ ထုတ်ပြန်ကြေညာချက်တွင် ထည့်သွင်းရေး သားခဲ့သည်။

အလားတူအစီအစဉ်တစ်ရပ်ကို အမေဇုန်မှ ယခုနှစ် ဇန်နဝါရီလတွင်လည်း ပြုလုပ်ခဲ့သည်ဟု သိရသည်။ ထိုအစီအစဉ်တွင် CD အခွေများမှ သီချင်းများကို ရောင်းချလိုသူများက အမေဇုန် Cloud Player စာကြည့်တိုက်တွင် ထည့်သွင်းရောင်းချခဲ့ခြင်းဖြစ်သည်။

ယခုပြုလုပ်သည့် အမေဇုန်၏ အစီအစဉ်တွင် စာအုပ်ပေါင်း ၁၀,၀၀၀ ခန့်ကို ထည့်သွင်းထားနိုင်ခဲ့ပြီဖြစ်ရာ□Ray Bradbury, Blake Crouch, James Rollins, Jodi Picoult နှင့် Neil Gaiman တို့ကဲ့သို့သော နာမည်ကြီး စာရေးဆရာများ၏ စာအုပ်များလည်း ပါဝင်သည်ဟု သိရသည်။

ထို့အပြင် အမေဇုန်အနေဖြင့် ၎င်း၏စာအုပ်ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်စာအုပ်များ ကိုလည်း ထည့်သွင်း ရောင်းချမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

တစ်သီးပုဂ္ဂလစာရေးဆရာများအနေ ဖြင့်လည်း အမေဇုန်ဝက်ဘ်ဆိုဒ်ရှိ Amazon's Kindle Direct Publishing အစီအစဉ်မှ တစ်ဆင့် ထည့် သွင်းရောင်းချနိုင်သည်ဟု သိရသည်။

ယင်းအစီအစဉ်ကို အမေရိကန်နိုင်ငံတွင် ယခုနှစ် အောက်တိုဘာလ၌ တရားဝင်စတင်မည်ဖြစ်ပြီး www.amazone.com တွင်သာ ဝယ်ယူနိုင်လိမ့်မည်ဟု ကုမ္ပဏီ၏ ပြောခွင့်ရ အမျိုးသမီးတစ်ဦးကEl Reg သို့ ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင် Kindle Paperwhite ကိုလည်း အဆင့်မြင့် (upgrade) လိုက်သည်ဟု အမေဇုန်မှ ကြေညာလိုက်သည်။

အသစ်ထွက်ရှိလာသည့် Kindle version အသစ်တွင် ယခင်မူလလက်ဟောင်းများနှင့် ကွဲပြားခြားနားမှုများစွာ ရှိသည်ဟု သိရသည်။ processor မှာ ယခင်မူလလက်ဟောင်းထက် ၂၅ ရာခိုင်နှုန်းခန့် ပိုမိုမြန် ဆန်လာပြီး အလင်းအမှောင်စနစ် ပိုကောင်းလာခြင်းနှင့် ထိတွေ့မျက်နှာပြင်မှာလည်း ပိုမိုသွက်လက်လာသည်ဟု သိရသည်။ ဘက်ထရီမှာလည်း ရှစ်ပတ်ခန့်ကြာမြင့်စွာ အသုံးပြုနိုင်သည်။ ထို့အတူ မိမိဖတ်လိုသည့်အပိုင်းသို့ လွယ်ကူ လျင်မြန်စွာရွှေ့ပြောင်းနိုင်ပြီး မျက်စိလည်သွားခြင်းမျိုး မဖြစ်စေရန် စီစဉ်ထား သည်ဟု သိရသည်။

Kindle Paperwhite သည် version□နှစ်မျိုးဖြစ်ပြီး wifi သာအသုံးပြုနိုင်သည့် version□အား ကန်ဒေါ်လာ ၁၁၉ ဒေါ်လာ ဖြင့်ဝယ်ယူနိုင်ပြီး 3G network ရရှိသည့် version အား ကန်ဒေါ်လာ ၁၈၉ ဒေါ်လာဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်ဟု သိရသည်။

(function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js,

fjs); }(document, 'script', 'facebook-jssdk')); Post by Mizzima - News in Burmese

.